အာဆီယံ လူထုဖိုရမ်တွင် ဆွေးနွေးမည့်ခေါင်းစဉ်များ ကျန်နိုင်ငံများ သဘောတူ

သတင်းရင်းမြစ် > ယုဝေ
ကြာသပတေးနေ့၊ ဩဂုတ်လ ၂၉ ရက် ၂၀၁၃ ခုနှစ် ၁၀ နာရီ ၀၂ မိနစ်

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံ လူထုဖိုရမ်(Asean People Forum) တွင် ဆွေးနွေးမည့်
ခေါင်းစဉ်များကို ကျန်အာဆီယံနိုင်ငံများမှ အရပ်ဖက် အဖွဲ့အစည်းများက လက်ခံသဘောတူသည်ဟု ယင်းဖိုရမ် ကျင်းပရေးအတွက် တာဝန်ယူထားသော အဖွဲ့ဖြစ်သည့် မြန်မာလူထု ညီလာခံလုပ်ငန်းအဖွဲ့မှ ဆက်သွယ် ညှိနှိုင်းရေးမှူး ဦးကျော်လင်းဦးက ပြောသည်။

အဆိုပါ အာဆီယံလူထုဖိုရမ်ကို ၂၀၁၄ မတ်လတွင် ကျင်းပနိုင်ရန် လျာထားပြီး အဓိကအားဖြင့် လူ့အခွင့်အရေး၊ ဖွံ့ဖြိုးရေး၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး အစရှိသည့် ခေါင်းစဉ်များကို ဆွေးနွေးသွားမည်ဖြစ်ကာ ခေါင်းစဉ်များနှင့် ပတ်သက်ပြီး အခြားအဖွဲ့ဝင်များက သဘောတူ လက်ခံလိုက်သည်။ အဆိုပါ ခေါင်းစဉ် လေးခုအောက်တွင် အကြမ်းဖျင်းအားဖြင့် ခေါင်းစဉ်ခွဲ ၃၆ ခုရှိမည် ဖြစ်သည်။

ဦးကျော်လင်းဦးက "ခေါင်းစဉ်တွေကတော့ အခုစီစဉ်ထားတာက အကြမ်းဖျဉ်းပါ။ဖိုရမ်ကို လာမယ့်၂၀၁၄ မတ်လမှာ ကျင်းပနိုင်မယ်လို့ မျှော်မှန်းထားပါတယ်။ နောက်ထပ်လည်း အစည်းအဝေးတွေ ပြုလုပ်သွားဖို့ ရှိပါတယ်" ဟု
ပြောသည်။

အာဆီယံ လူထုဖိုရမ် ကျင်းပရန်အတွက် အရပ်ဘက် လူမှုအဖွဲ့အစည်း ၆၈ ခုပါဝင်သော မြန်မာလူထုညီလာခံ လုပ်ငန်းအဖွဲ့ကို ဩဂုတ် ၃ ရက်က ဖွဲ့စည်းခဲ့ပြီး ယင်းလုပ်ငန်းအဖွဲ့မှ ကျင်းပရေးအတွက် ဆောင်ရွက်မည့် ကော်မတီ ရှစ်ခုကို ဩဂုတ် ၁၉ ရက်တွင် ဖွဲ့စည်းထားပြီး ဖြစ်သည်။

ဖွဲ့စည်းထားသည့် ကော်မတီရှစ်ခုမှာ ဦးဆောင်ကျင်းပရေးကော်မတီ၊ ကျင်းပရေးကော်မတီ၊ အစီအစဉ် ကော်မတီ၊
ကြေညာချက်မူကြမ်း ရေးဆွဲရေးကော်မတီ၊ မီဒီယာကော်မတီ၊ ဧည့်ခံကြိုဆိုရေးကော်မတီ၊
ဘဏ္ဍာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီတို့ ဖြစ်သည်။

ဖိုရမ်မှ ရရှိလာသော ဆွေးနွေးချက်များသည် အာဆီယံနိုင်ငံများအတွက် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေမည်
ဖြစ်ပြီး ဆွေးနွေးရာမှ ထွက်ပေါ်လာသည့် အချက်အလက်များအား အာဆီယံ ဆယ်နိုင်ငံ ခေါင်းဆောင်များကို တင်ပြသွားမည် ဖြစ်သည်။

ဆွေးနွေးပွဲမှ ရရှိလာသော ပြည်သူများ၏ အခက်အခဲများ လိုအပ်ချက်များကို အစိုးရအဖွဲ့သို့ တင်ပြမည်ဖြစ်သော
ကြောင့် အရပ်ဘက် အဖွဲ့အစည်းများနှင့် အစိုးရကြား ယုံကြည်မှုများ တည်ဆောက်နိုင်မည်ဖြစ် သည်ဟုလည်း ဦးကျော်လင်းဦးက ပြောသည်။

အာဆီယံ လူထုဖိုရမ်သည် ၂၀၀၅ ခုနှစ်မှစကာ အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူရသော နိုင်ငံများရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ဦးဆောင် လက်ခံကျင်းပကြပြီး အာဆီယံနိုင်ငံများရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများ ပါဝင်ဆွေးနွေးကာ ဆွေးနွေးပွဲရလဒ်များကို အာဆီယံနိုင်ငံ ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေး ကျင်းပချိန်တွင်
ပေးပို့ခြင်း ဖြစ်သည်။

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ဖိုရမ်အတွက် တက်ရောက်ဆွေးနွေးမည့် လူဦးရေ ၁၂၀၀ခန့်ရှိမည်ဟုလည်း မြန်မာလူထုညီလာခံလုပ်ငန်းအဖွဲ့မှ ခန့်မှန်းပြောဆိုသည်။ အာဆီယံ အလှည့်ကျဥက္ကဋ္ဌ အဖြစ် မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ်တွင် တာဝန်ယူရမည် ဖြစ်သည်။ (function(d, s, id) { var js, fjs = d.getElementsByTagName(s)[0]; if (d.getElementById(id)) return; js =

d.createElement(s); js.id = id; js.src = "//connect.facebook.net/en_US/all.js#xfbml=1";
fjs.parentNode.insertBefore(js, fjs); }(document, 'script', 'facebook-jssdk'));

Post
by
Mizzima - News in Burmese
.